


# ကျောင်းအပ်နှံရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ မွမ်းမံပြင်ဆင်ချက်များ

## မိသားစုများအတွက် သတင်းအချက်အလက်များ

## ဘာတွေပြောင်းလဲသွားလဲ

သူငယ်တန်း (Kindergarten) မှ ၁၂ တန်း (Year 12) အထိ ကျောင်းအပ်နှံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တွင် အောက်ပါ အပြောင်းအလဲတွေ ပြုလုပ်ထားပြီး 2026 ခုနှစ် Term 1 မှစ၍ အစိုးရကျောင်းအပ်နှံမှုအားလုံးနဲ့ အကျုံးဝင်သက်ဆိုင်ပါတယ်။

### နယ်ကျော် ကျောင်းအပ်နှံမှုအတွက် မွမ်းမံပြင်ဆင်ချက်များ

ဌာနဟာ 2025 ခုနှစ်မှာ ပညာသင်ယူမှုနဲ့ ကျန်းမာပျော်ရွှင်မှုဆိုင်ရာ လိုအပ်ချက်အချို့ရှိတဲ့ ကျောင်းသူ/ကျောင်းသားတွေ၊ လက်ရှိ ကျောင်းအပ်နှံထားတဲ့ ကျောင်းသူ/ကျောင်းသားတွေရဲ့ မွေးချင်းတွေနဲ့ ကျောင်းဝန်ထမ်းတွေရဲ့ သား/သမီးတွေအတွက် နယ်ကျော် ကျောင်းအပ်နှံခွင့် လျှောက်ထားမှုတွေကို ဦးစားပေးဆောင်ရွက်ဖို့ စည်းကမ်းချက်တွေကို ချမှတ်ခဲ့ပါတယ်။

2026 ခုနှစ်မှာ အောက်ပါကျောင်းသားတွေအတွက် နယ်ကျော် ကျောင်းအပ်နှံမှုကို ဦးစားပေးသွားမှာ ဖြစ်ပါတယ်။

- ယဉ်ကျေးမှု၊ မိသားစုနဲ့ သွေးချင်းတော်စပ်မှု (kinship connections) တွေကို အသိအမှတ်ပြုဖို့ အဘော်ရီဂျင်နယ် ဌာနေတိုင်းရင်းသား နှင့်/သို့မဟုတ် တောရက်စ်ရေလက်ကြား ကျွန်းသား ကျောင်းသူ/ကျောင်းသားများ။
- NSW အစိုးရကျောင်းနဲ့ တွဲဖက်တည်ရှိတဲ့ အစိုးရမူကြိုကျောင်းမှာ တက်ရောက်ခဲ့ကြပြီး ကျောင်းစအပ်မည့် Kindergarten ကျောင်းသူ/ကျောင်းသားများ။

### တပ်မတော်သားတွေရဲ့သားသမီးတွေအတွက် ပိုမို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးထားမှု

တပ်မတော်သားတွေ နေရာပြောင်းရွှေ့စဉ်နဲ့ အိမ်ရာရှာဖွေနေစဉ်မှာ ၎င်းတို့ရဲ့ သား/သမီးတွေအတွက် ကျောင်းအပ်နှံရေး စည်းကမ်းချက်တွေဟာ ပိုပြီး အဆင်ပြေချောမွေ့စေဖို့ ကျောင်းအပ်နှံရေး လုပ်ထုံးလုပ်နည်းတွေကို မွမ်းမံပြင်ဆင်လျက်ရှိပါတယ်။

### အဘော်ရီဂျင်နယ် ဌာနေတိုင်းရင်းသား နှင့်/သို့မဟုတ် တောရက်စ်ရေလက်ကြား ကျွန်းသားရဲ့ သွေးချင်းဖြစ်မှု(kinship)ကို အသိအမှတ်ပြုခြင်း

ကျောင်းတွေအနေနဲ့ kinship connections ယဉ်ကျေးမှုဆိုင်ရာ လုံခြုံရေး၊ အဘော်ရီဂျင်နယ် ဌာနေတိုင်းရင်းသား ဘာသာစကားကို သင်ယူခွင့်ရရှိရေးနဲ့ Sorry Business လိုမျိုး ယဉ်ကျေးမှု ထုံးတမ်းတွေ အပါအဝင် အဘော်ရီဂျင်နယ် ဌာနေတိုင်းရင်းသား နှင့်/သို့မဟုတ် တောရက်စ်ရေလက်ကြား ကျွန်းသား ကျောင်းသူ/ကျောင်းသားတွေ ကျောင်းအပ်နှံရာမှာ ပိုပြီး  အဆင်ပြေချောမွေ့အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။



NSW GOVERNMENT

### အားနည်းထိခိုက်လွယ်ဆုံး ကျောင်းသူ/ကျောင်းသားများကို စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရန် ပံ့ပိုးကူညီခြင်း

အာမခံရရှိထားသော ကျောင်းသူ/ကျောင်းသားတွေနဲ့ လူငယ်ဆိုင်ရာ တရားရေးဌာနတွေနဲ့ ထိန်းသိမ်းရေးစခန်းတွေကနေ ပြောင်းရွှေ့လာတဲ့ ကျောင်းသူ/ကျောင်းသားတွေအတွက်လည်း သီးခြားလမ်းညွှန်ချက်တွေ ထည့်သွင်းဆောင်ရွက်လျက်ရှိပြီး ဒီအမျိုးအစားမှာ အကျုံးဝင်တဲ့ ကျောင်းသူ/ကျောင်းသားတွေရဲ့ ဒေသ္တရကျောင်းအပ်နှံခွင့် လျှောက်ထားမှုတွေကို ယခုအခါ ကျောင်းဖွင့်ရက် ၂ ရက်အတွင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

## အမေးအများဆုံး မေးခွန်းများ

### ဒီအပြောင်းအလဲတွေက ကျွန်ုပ်ရဲ့ကလေးနဲ့ သက်ဆိုင်မှုရှိလား။

2026 ခုနှစ်အတွက် NSW အစိုးရကျောင်းတွေက ကျောင်းအပ်နှံရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ အပြောင်းအလဲတွေဟာ အောက်ပါအခြေအနေတွေမှာ သင်နဲ့ သက်ဆိုင်မှာ ဖြစ်ပါတယ် -

- ကလေးဟာ kinship ဘာသာစကား ဒါမှမဟုတ် ယဉ်ကျေးမှုဆိုင်ရာ ထည့်သွင်းစဉ်းချက်တွေအရ အဘော်ရီဂျင်နယ် ဌာနေတိုင်းရင်းသား နှင့်/သို့မဟုတ် တောရက်စ်ရေလက်ကြား ကျွန်းသားဖြစ်လျှင်၊
- ကလေးဟာ နေအိမ်မဟုတ်တဲ့နေရာမှာ ကာကွယ်စောင့်ရှောက်မှုခံယူနေရသူ၊ အာမခံဖြင့် နေထိုင်နေရသူ သို့မဟုတ် လူငယ်ဆိုင်ရာ တရားရေးဌာန သို့မဟုတ် ထိန်းသိမ်းရေးစခန်းရှိ ကျောင်းမှ ပြောင်းရွှေ့လာသူ ဖြစ်လျှင်၊
- ကလေးရဲ့ မိဘတဦးဦးဟာ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် လက်ရှိ တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဩစတြေးလျတပ်မတော်အတွက် လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ဖို့ နေရာပြောင်းရွှေ့ရန် လိုအပ်သူဖြစ်လျှင်။

### ဤအပြောင်းအလဲများကို စာသင်ကျောင်းတိုင်းက လိုက်နာကျင့်သုံးရန် လိုအပ်သလား။

ကျောင်းရဲ့ ကျောင်းသားလက်ခံနိုင်မှုအပေါ် မူတည်ပြီး 2026 ခုနှစ်၊ Term 1 မှာ နယ်ကျော်အပ်နှံတဲ့ ကျောင်းသူ/ကျောင်းသားတွေအတွက် ဒီလုပ်ထုံးလုပ်နည်း အပြောင်းအလဲတွေကို ကျောင်းတွေက လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။

နယ်ကျော်ကျောင်းအပ်နှံမှု လုပ်ထုံးလုပ်နည်း အပြောင်းအလဲတွေဟာ ထူးချွန်လက်ရွေးစင် ကျောင်းများ၊ သီးခြားရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသော ကျောင်းများ (schools for specific purposes (SSPs))၊ အဝေးသင်ကျောင်းများနှင့် သတ်မှတ် အရည်အချင်း ပြည့်မီမှု စည်းကမ်းချက်များ ချမှတ်ထားသည့် သင်တန်း သို့မဟုတ် အစီအစဉ်များရှိသော ကျောင်းများ (ဥပမာ - ထူးချွန်သင်တန်းများ၊ အထူးပြု အားကစား နှင့်/သို့မဟုတ် တီထွင်ဖန်တီးမှု သို့မဟုတ် အနုပညာဖန်တီးမှု) ကဲ့သို့ ထူးခြားသော အခြေအနေများ သို့မဟုတ် အစီအစဉ်များအတွက် အရည်အချင်း သတ်မှတ်ချက်ကို ထိခိုက်မည် မဟုတ်ပေ။ ဒီလိုမျိုး ကျောင်းတွေဟာ ၎င်းတို့ရဲ့ ကိုယ်ပိုင် လုပ်ထုံးလုပ်နည်းတွေ၊ အရည်အချင်း သတ်မှတ်စံနှုန်းတွေ၊ ဆန်းစစ်အကဲဖြတ်မှုတွေနဲ့ လုပ်ဆောင်တာဖြစ်ပြီး ၎င်းတို့ရဲ့ လက်ရှိ ကျောင်းအပ်နှံမှု လုပ်ငန်းစဉ်တွေကို ဆက်လက် လိုက်နာသွားမှာ ဖြစ်ပါတယ်။

ယောကျ်ားလေး/မိန်းကလေး သီးသန့်ကျောင်းတွေအနေနဲ့ ကျောင်းအပ်နှံမယ့် ကလေးဟာ ကျောင်းရဲ့ အရည်အချင်း သတ်မှတ်ချက်နဲ့ ကိုက်ညီနေသရွေ့ အဆိုပါ အပြောင်းအလဲတွေကို လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒီအပြောင်းအလဲတွေရဲ့ အကျုံးဝင် သက်ဆိုင်ပုံနဲ့ပတ်သက်ပြီး သက်ဆိုင်ရာကျောင်းကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

### ကျွန်ုပ်ရဲ့ကလေးဟာ မွမ်းမံပြင်ဆင်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီမယ်ဆိုရင် နယ်ကျော်ကျောင်းအပ်နှံမှု လျှောက်လွှာကို အလိုအလျောက် လက်ခံမှာလား။

ဒီအပြောင်းအလဲတွေဟာ သင့်ကလေးကို မိမိရပ်ရွာမဟုတ်တဲ့ အစိုးရကျောင်းမှာ အပ်နှံခွင့်ရမယ်လို့ အာမ မခံပါဘူး။ နယ်ကျော် ကျောင်းအပ်နှံမှုနဲ့ ဒေသခံ ကျောင်းအပ်နှံမှုကို လက်ခံနိုင်တဲ့ ကျောင်းတွေဟာ သင့်ကလေးရဲ့ လျှောက်လွှာကို ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပါတယ်။ နယ်ကျော် ကျောင်းအပ်လက်ခံနိုင်မှု အကန့်အသတ်ရှိတဲ့ ကျောင်းတွေဟာ အောက်ပါ ကျောင်းသူ/ကျောင်းသားတွေရဲ့ နယ်ကျော် ကျောင်းအပ်နှံမှုကို ဦးစားပေး သွားမှာ ဖြစ်ပါတယ် -

- အောက်ပါအချက်တွေ အပါအဝင် သင့်တော်တဲ့ ညှိနှိုင်းပြင်ဆင်မှု နှင့်/သို့မဟုတ် အပိုဆောင်း ပညာရေး ပံ့ပိုးမှု လိုအပ်ပြီး သင်ယူမှုနဲ့ ကျန်းမာပျော်ရွှင်ရေး လိုအပ်ချက်တွေ ရှိတဲ့ ကျောင်းသူ/ကျောင်းသားများ၊
  - ယဉ်ကျေးမှုဆိုင်ရာ ထည့်သွင်းစဉ်စားမှုတွေ နှင့်/သို့မဟုတ် မိသားစုနှင့် kinship connections နှင့် ဆွေးမျိုးတော်စပ်မှုများရှိသော အဘော်ရီဂျင်နယ် ဌာနေတိုင်းရင်းသား နှင့်/သို့မဟုတ် တောရက်စ်ရေလက်ကြား ကျွန်းသား ကျောင်းသူ/ကျောင်းသားများ၊
  - မသန်စွမ်း၊
  - ဖွံ့ဖြိုးဆဲအရွယ်၊
  - စိတ်ဒဏ်ရာ၊
  - ကလေးသူငယ် အကာအကွယ်ပေးရေး ကိစ္စများ၊
  - ဆေးဘက်ဆိုင်ရာနှင့် တစ်ဦးချင်း လိုအပ်ချက်များနှင့် အခြေအနေများ
- လက်ရှိ ကျောင်းတက်နေတဲ့ ကျောင်းသူ/ကျောင်းသားတွေရဲ့ မွေးချင်းများ၊ ဦးစားပေး ပံ့ပိုးမှုဌာနတွေက ကျောင်းသားတွေရဲ့ မွေးချင်းများ၊
- အစိုးရကျောင်းနဲ့ တွဲဖက်တည်ရှိတဲ့ အစိုးရမူကြိုကျောင်းမှာ တက်ရောက်ခဲ့ကြပြီး ကျောင်းစတက်မည့် Kindergarten ကျောင်းသားများ။

ပိုမိုသိရှိလိုပါက သက်ဆိုင်ရာကျောင်းသို့ ဆက်သွယ်ပါ။

### အခုချိန်ကစပြီး နယ်ကျော် ကျောင်းအပ်နှံမှုတွေမှာ ဦးစားပေး စည်းကမ်းချက်တွေနဲ့ ကိုက်ညီတဲ့ ကျောင်းသူ/ကျောင်းသားတွေကိုပဲ လက်ခံတော့မယ်လို့ ဆိုလိုတာလား။

ဒီလိုမဟုတ်ပါဘူး။ ကလေးဟာ ကျောင်းတက်ဖို့ အရည်အချင်းပြည့်မီပြီး ကျောင်းကလည်း လက်ခံနိုင်တဲ့ အနေအထား ရှိတယ်ဆိုရင် မိဘတွေအနေနဲ့ ကျောင်းအပ်နှံခွင့် လျှောက်ထားနိုင်ပါတယ်။ နယ်ကျော် ကျောင်းအပ်လက်ခံနိုင်မှု အကန့်အသတ်ရှိတဲ့ ကျောင်းအားလုံးဟာ နယ်ကျော်ကျောင်းအပ်နှံမှုဆိုင်ရာ စည်းကမ်းချက်တွေနဲ့အညီ လျှောက်လွှာတွေကို ဦးစားပေး စဉ်းစားသွားမှာ ဖြစ်ပါတယ်။

### ကျွန်ုပ်ရဲ့ ယခင် နယ်ကျော်ကျောင်းအပ်နှံမှု လျှောက်လွှာဟာ ပယ်ချခံခဲ့ရပါတယ်။ ဒါပေမဲ့ အခု ကလေးက မွမ်းမံပြင်ဆင်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီနေပါတယ်။ ထပ်လျှောက်လို့ ရသေးလား။

လျှောက်လို့ရပါတယ်။ ကလေးကို 2026 မှာ နယ်ကျော် ကျောင်းအပ်နှံခွင့် လျှောက်ထားခဲ့ပြီး လျှောက်လွှာ ပယ်ချခံရပေမဲ့ ကလေးဟာ ပြင်ဆင်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီရင် ထပ်မံလျှောက်ထား နိုင်ပါတယ်။ “ကလေးကို ကျောင်းအပ်နှံခဲ့သည့် နေရာအား ပြောင်းလဲနည်း” ဆိုတဲ့ အောက်ပါကဏ္ဍမှာ ဖော်ပြထားတဲ့ အဆင့်တွေအတိုင်း လိုက်လုပ်ပါ။



NSW GOVERNMENT

## Year 6 မှ 7 သို့ ကူးပြောင်းရန် စိတ်ဝင်စားမှု ဖော်ပြချက် (Expression of Interest (EOI)) ကို တင်သွင်းထားပါတယ်။ ကလေးကို ကျောင်းအပ်နှံထားတဲ့ နေရာကို ပြောင်းလဲလို့ ရပါသလား။

ပြောင်းလို့ရပါတယ်။ သင့်ကလေးဟာ မွမ်းမံပြင်ဆင်ထားတဲ့ နယ်ကျော် ကျောင်းအပ်နှံမှု စည်းကမ်းချက်တွေနဲ့ ကိုက်ညီတယ်ဆိုရင် Year 6 မှ 7 သို့ ကူးပြောင်းရန် စိတ်ဝင်စားမှု ဖော်ပြချက် (EOI) တင်သွင်းထားသည့်တိုင် မိမိနှစ်သက်တဲ့ကျောင်းကို လျှောက်လွှာသစ် တင်သွင်းနိုင်ပါတယ်။ "ကလေးကို ကျောင်းအပ်နှံခဲ့သည့် နေရာအား ပြောင်းလဲနည်း" ဆိုတဲ့ အောက်ပါကဏ္ဍမှာ ဖော်ပြထားတဲ့ အဆင့်တွေအတိုင်း လိုက်လုပ်ပါ။

## ကလေးကို ကျောင်းအပ်နှံခဲ့သည့် နေရာအား ပြောင်းလဲနည်း

ကလေးကို နယ်ကျော် ကျောင်းအပ်နှံလိုတဲ့ မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူတွေအနေနဲ့ ၎င်းတို့ရဲ့ ကျောင်းအပ်နှံမှုကို ပြောင်းလဲဖို့ အောက်ပါအဆင့်တွေအတိုင်း လိုက်လုပ်ဖို့ လိုပါတယ်။

### အွန်လိုင်းမှ ကျောင်းအပ်နှံခွင့် လျှောက်ထားခြင်း

1. မိမိ ကျောင်းအပ်နှံလိုတဲ့ အစိုးရကျောင်းရဲ့ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ပြီး ကျောင်းအပ်နှံခြင်း (enrolment) ဆိုတဲ့ နေရာကိုနှိပ်ပါ။
2. ကျောင်းအပ်နှံခြင်းဆိုင်ရာ ဝက်ဘ်ဆိုက် စာမျက်နှာထဲက ကျောင်းအပ်နှံနည်း (how to enrol) ခေါင်းစဉ် အောက်ရှိ အွန်လိုင်းမှ ကျောင်းနှံခွင့် လျှောက်ထားခြင်း (online enrolment application) ဆိုတဲ့ လင့်ခ်ကို နှိပ်ပါ။
3. ကျောင်းအပ်နှံဖို့ လျှောက်လွှာတင်ပြီးတာနဲ့ တပြိုင်နက် ကျောင်းက ကမ်းလှမ်းချက်တခု ပြုလုပ်မှာဖြစ်ပြီး သင့်အနေနဲ့ အဲ့ဒီကမ်းလှမ်းချက်ကို ၁၄ ရက်အတွင်း လက်ခံရမှာ ဖြစ်ပါတယ်။
4. လျှောက်လွှာကို လက်ခံခဲ့တယ်ဆိုရင် သင့်ကလေးကို ယခင်က ကျောင်းအပ်နှံခဲ့တဲ့ ကျောင်းကို ဆက်သွယ်ပြီး အဲ့ဒီကျောင်းအပ်နှံမှုကို ပြန်လည်ရုပ်သိမ်းပါ။

### လျှောက်လွှာပုံစံဖြင့် ကျောင်းအပ်နှံခွင့် လျှောက်ထားခြင်း

1. ၁။ သင့်ကလေးကို ကျောင်းအပ်လက်ခံနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ဖို့ မိမိနယ်ကျော် အပ်နှံလိုတဲ့ ကျောင်းထံ ဆက်သွယ်ပါ။
2. ၂။ ကျောင်းက သင့်ကလေးကို လက်ခံနိုင်တယ်ဆိုရင် ကျောင်းကပေးတဲ့ လျှောက်လွှာပုံစံသစ်မှာ ဖြည့်စွက်ပါ။
3. ၃။ ကျောင်းအပ်နှံမှု လျှောက်လွှာ တင်ပြီးတာနဲ့ တပြိုင်နက် ကျောင်းက ကမ်းလှမ်းချက်တခု ပြုလုပ်မှာဖြစ်ပြီး သင့်အနေနဲ့ အဲ့ဒီကမ်းလှမ်းချက်ကို ၁၄ ရက်အတွင်း လက်ခံရရှိရမှာ ဖြစ်ပါတယ်။
4. ၄။ လျှောက်လွှာကို လက်ခံခဲ့တယ်ဆိုရင် သင့်ကလေးကို ယခင်က ကျောင်းအပ်နှံခဲ့တဲ့ ကျောင်းကို ဆက်သွယ်ပြီး အဲ့ဒီကျောင်းအပ်နှံမှုကို ပြန်လည်ရုပ်သိမ်းပါ။

## ကျွန်ုပ်တွင် အမြဲတမ်းနေရပ်လိပ်စာ သို့မဟုတ် လိုအပ်သော စာရွက်စာတမ်း အထောက်အထား မရှိရင် ဘာလုပ်ရမလဲ။

ကျောင်းသားအနေနဲ့ လိပ်စာအတည်တကျ မရှိပေမဲ့ ကျောင်းအပ်နှံလို့ရတဲ့ အခြေအနေတွေ ရှိပါတယ်။ ဒီအခြေအနေတွေထဲမှာ အောက်ပါအချက်တွေ ပါဝင်ပေမဲ့ ဒါတွေအပြင် အခြားအခြေအနေတွေလည်း ရှိနိုင်ပါသေးတယ်။ ၎င်းတို့မှာ တပ်မတော်သားများ၏ သား/သမီးများ၊ နေအိမ်မဟုတ်သောနေရာတွင် ကာကွယ်စောင့်ရှောက်မှု ခံယူနေရသည့် ကလေးသူငယ်များ သို့မဟုတ် လူငယ်များ၊ အာမခံဖြင့် နေထိုင်နေရသူများ၊ သို့မဟုတ် လူငယ်ဆိုင်ရာ တရားရေးဌာနများနှင့် ထိန်းသိမ်းရေးစခန်းများရှိ ကျောင်းများမှ ပြောင်းရွှေ့လာမည့် ကျောင်းသားများ တို့ဖြစ်သည်။ သင့်အခြေအနေဟာ ဒီနေရာမှာ အကျုံးဝင်တယ်လို့ ယူဆရင် အချက်အလက်တွေ ပိုမိုသိရှိနိုင်ဖို့ သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။

## 2025 ခုနှစ် ကျောင်းအပ်နှံရေး မူဝါဒနှင့် လုပ်ထုံးလုပ်နည်း အပြောင်းအလဲတွေကို လက်ရှိအချိန်အထိ ကျင့်သုံးနေသေးလား။

ကျင့်သုံးနေပါသေးတယ်။ 2025 ခုနှစ်မှာ ချမှတ်ခဲ့တဲ့ အပြောင်းအလဲတွေကို 2026 ခုနှစ် ကျောင်းအပ်နှံမှုတွေအတွက် ဆက်လက် ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ၎င်းတို့မှာ -

- ယာယီနေထိုင်ခွင့် ဗီဇာရရှိထားတဲ့ ကျောင်းသားအားလုံးဟာ ၎င်းတို့ရဲ့ နေရပ်လိပ်စာအပေါ် မူတည်ပြီး ဒေသန္တရ အစိုးရကျောင်းတွေမှာ ကျောင်းအပ်နှံနိုင်ပါတယ်။
- အစိုးရကျောင်းမှာ လက်ရှိ ကျောင်းအပ်နှံထားတဲ့ ကျောင်းသူ/ကျောင်းသားတွေရဲ့ မွေးချင်းတွေကို နယ်ကျော် ကျောင်းအပ်နှံမှုအတွက် ဦးစားပေးသွားမှာ ဖြစ်ပြီး တက်ရောက်ခွင့်ရှိတဲ့ ပင်မကျောင်းတွေက အထောက်အကူပြုသင်တန်းတွေမှာရှိတဲ့ ကျောင်းသားတွေရဲ့ မွေးချင်းတွေကို ဦးစားပေးသွားမှာ ဖြစ်ပါတယ်။
- ဝန်ထမ်းတွေရဲ့ သား/သမီးတွေကို နယ်ကျော်ကျောင်းအပ်နှံမှုအတွက် ထည့်သွင်းစဉ်းစားနိုင်ပါတယ်။

ဒီအပြောင်းအလဲတွေနဲ့ ပတ်သက်လို့ ပိုမိုသိရှိလိုရင် ဖြစ်စေ၊ ဒီအပြောင်းအလဲတွေဟာ သင့်ကလေးနဲ့ သက်ဆိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးလိုရင်ဖြစ်စေ သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။

## သတင်းအချက်အလက် ရရှိနိုင်သည့် နေရာများ

**ကျောင်းအပ်နှံမှုနဲ့ ပတ်သက်ပြီး စုံစမ်းရန် မိမိနှစ်သက်ရာ ကျောင်းနှင့် ဆွေးနွေးပြောဆိုပါ။ ကျောင်းရဲ့ အသေးစိတ် အချက်အလက်တွေကို** education.nsw.gov.au/find-a-public-school **ဝက်ဘ်ဆိုက်မှာ ဝင်ရောက် ရှာဖွေနိုင်ပါတယ်။**

**NSW အစိုးရကျောင်းမှာ ကျောင်းအပ်နှံနည်းနဲ့ ပတ်သက်ပြီး ထပ်မံသိရှိချင်တယ်ဆိုရင်** education.nsw.gov.au/enrolment **ဝက်ဘ်ဆိုက်မှာ ဝင်ရောက် ရှာဖွေနိုင်ပါတယ်။**

**ယာယီနေထိုင်ခွင့် ရရှိထားသူအနေနဲ့ NSW အစိုးရကျောင်းမှာ ကျောင်းအပ်နှံနည်းနဲ့ ပတ်သက်ပြီး ထပ်မံသိရှိချင်တယ်ဆိုရင်** https://www.deinternational.nsw.edu.au/ **ဝက်ဘ်ဆိုက်မှာ ဝင်ရောက် ရှာဖွေနိုင်ပါတယ်။**

**ကျောင်းအပ်နှံမှုနဲ့ပတ်သက်ပြီး အထွေထွေ စုံစမ်းမေးမြန်းချင်တယ်ဆိုရင် 1300 679 332 ကို ဖုန်းဆက်ပြီး ပညာရေးဌာန ရုံးချုပ်ထံ ဆက်သွယ်ပါ။**

**တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု -**

ကျောင်း သို့မဟုတ် ပညာရေးဌာနသို့ ဆက်သွယ်ရာမှာ စကားပြန် အကူအညီ လိုအပ်ရင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု ဖုန်းနံပါတ် 13 14 50 ကို ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားကို ပြောတတ်တဲ့ စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းလက်ခံဖြေဆိုသူကို သင်ခေါ်ဆိုလိုတဲ့ ဖုန်းနံပါတ်ကို ပြောပြပါ။ သင်စကားပြောဆိုရာမှာကူညီဖို့ ဖုန်းလက်ခံဖြေဆိုသူက ဖုန်းလိုင်းပေါ်မှာ စကားပြန်တစ်ယောက် ထားပေးမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုအတွက် သင့်ဆီက အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။



NSW GOVERNMENT